# အိမ်အသင်းတော်များ （House Churches）

**အပိုင်း (၁)** Part One

အိမ်အသင်းတော်အစပြုခြင်းသည် တွေ့ဆုံခြင်းများကို ကိုယ်ပိုင်အိမ်များ၌ ပြုလုပ်ခြင်းသည် လူသိရှင်များပြီး အငြင်းပွားခြင်းမရှိပါ။ (Acts 16:40, 20:20, Rom 16:3-5a, 1cor 16:19, col 4:15, Philimon 1:2b, Jam 2:3). ရှေးကနဦးအသင်းတော်သည် နှစ်ပေါင်း (၁၀၀) လိုက်လျှောက်ခြင်းသည် လူသိနည်းသောအချက်ဖြစ်သည်။ နှစ်ပေါင်းများစွာကုန်လွန်ပြီးနောက် ဓမ္မသစ်ကျမ်းစာသည် ပြည့်စုံလာခဲ့ပါသည်။ c.f.snyder သုံးသပ်ချက် "ဓမ္မသစ်ကျမ်းအိမ်အသင်းတော်သည် သေးငယ်သော အုပ်စုအိမ်အသင်းတော်မှ အစပြုသည်။ (ကောလော ၄း၁၅) ပြီးတော့ သုံးရာစုနှောင်းပိုင်း (ဝါ) အလယ်ပိုင်းရာစုအထိ တည်ရှိသည်။ ထိုအချိန်တွင် လူပေါင်း ၃၀၀ တွေ့ဆုံနိုင်သောနေရာ ဖော်ပြထားသောနေရာမပါ။ အမေရိကန်နိုင်ငံသည် နိုင်ငံတစ်ခုအဖြစ် တည်ရှိခြင်းထက် ပို၍ရှည်လျားသော်လည်း ကမ္ဘာတစ်ဝှမ်းလုံးနီးပါးသည် အိမ်များ၌ တွေ့ဆုံဖို့ရန်အသင်းတော်သည် လိုက်လျှောက်ကြသည်။ နောက်တစ်ကြိမ် snyder သုံးသပ်ချက်။ ထိုအိမ်အသင်းတော်အရာ၌ စာပေနှင့်ဆိုင်သော အထောက်အထား (ဝါ) ရှေးဟောင်းသုတေသနပညာရည်ညွှန်းခြင်းမရှိပါ။ ထိုအိမ်အသင်းတော်သည် တည်ရှိဆဲဖြစ်သော အသင်းတော်ထက် အဆောက်အဦးအဖြစ်ပြောင်းလဲသွားခဲ့သည်။ သို့မဟုတ် တည်ရှိဆဲသောအသင်းတော်တစ်ခု ရှိသလား။ ထိုကျိုန်းသေမှုသည် Constantine တည်ဆောက်သော အသင်းတော်ဖြစ်သည်။ အဘယ်ကြောင့်အိမ်အသင်းတော်များသည် နှစ်ပေါင်းများစွာ စံအဖြစ်တည်ရှိခဲ့သလဲ။

**ညှင်းပန်းနှိပ်စက်ခြင်း (persecution)**

ရှေးကနဦးအသင်းတော်များတည်ရှိခြင်းအတွက် အများနှင့်ဆိုင်သော ရှင်းလင်းချက်သည် ညှင်းပန်းနှိပ်စက်ခြင်း၏ ဖိအားကြောင့်ဖြစ်သည်။ ဒီနေ့ တရုတ်နိုင်ငံနှင့်အတူတူဖြစ်သည်။ သို့သော်ငြားလည်း အခြားသောအရာ တူညီသော အတင်းအဓမ္မ လုပ်စေခြင်း၊ ငှါးထားသော မိတ်သဟာယဖွဲ့ရန် အခန်းများရှိခဲ့သလား၊ ပထမရာစု၌ ညှင်းပန်းနှိပ်စပ်ခြင်းမရှိပါ။ ကျွန်ုပ်တို့သည် အိမ်အသင်းတော် အဆောက်အဦးများသည် အလိုအလျောက် ဆောက်လုပ်ခြင်းပြီးတော့ တစ်ဦးတစ်ယောက် အဖွဲ့အစည်းများသည် အလွန်ကြီးမားသော အရွယ်အစားဖြစ်ဖို့ရန် ကြီးလာစေခြင်း၊ ကြီးမားသောအဆောက်အဦးများအားဖြင့် အကန့်အသတ်ပေးခြင်းအားဖြင့် သတ်မှတ်ရမှာလား။

တစ်ခါတစ်ရံ ယေရှု၏တစ်ပည့်တော်များသည် အိမ်၌တွေ့ဆုံခြင်းကို အပြစ်မယူဘဲ ခွင့်လွှတ်ခဲ့သည်။ ထိုခွင့်လွှတ်စဉ် တစ်ပြိုင်နက်တည်း "လူအပေါင်းတို့ရှေ့မှာ မျက်နှာပွင့်လန်းခြင်းအခွင့်ကို ရကြသည်" (တမန် ၂း၄၇)။ ညှင်းပန်းနှိပ်စက်ခြင်းသည်အမြဲတမ်းအဓိက အချက်မဟုတ်ပါ။ (၁ကော ၁၄း၂၃ ကိုကြည့်ရင် အသင်းတော်အားလုံး အတူတကွစုရုံးလျှင် ထိုနေရာ၌ မယုံကြည်သောသူတစ်ချို့လာကြသည်။) ထိုမယုံကြည်သောသူများသည် အသင်းတော်တွေ့ဆုံခြင်း၌ ပါဝင်ခြင်းသည် ဖြစ်နိုင်ချေရှိသည်။ ဒါကြောင့် သူတို့တွေ့ဆုံနေသည့်နေရာသည် အပြင်လူတွေအတွက် အမြဲတမ်းလျှို့ဝှက်သောနေရာမဟုတ်ပါ။ ရှေးယုံကြည်သူများသည် အချိန်တိုင်းနေရာတိုင်း၌ အမြဲတမ်းညှင်းပန်းနှိပ်စက်ခြင်းရှိသည်ဆိုတာ မှန်ကန်သောအရာမဟုတ်ပါ။ ဒါကြောင့် ညှင်းပန်းနှိပ်စက်ခြင်းသည် အေဒီ ၂၅၀ ပတ်ဝန်းကျင်လောက်မှာ တစ်ခါတစ်ရံ ဖြစ်ခြင်း၊ ဒေသတစ်ခု၌သာဖြစ်ခြင်းနှင့် မကြာခဏ ပရမ်းပတာလူစုရန်လိုခြင်းဖြစ်သည်။ (ထိုအချိန်၌ရောမအင်ပါယာ အုပ်စိုးခြင်းထက် ညှင်းပန်းနှိပ်စက်ခြင်း ပိုဖြစ်ခဲ့သည်။) အံ့အားသင့်စွာ ရောမဝန်ထမ်းများသည်ဓမ္မသစ်ကျမ်းစာရေးသောသူများအားဖြင့် အတော်အသင့်ခွင့်ပြုခြင်းကို မကြာခဏထောက်ပံ့ပေးခဲ့သည်။ ထိုအချိန်ကတည်းက သူတို့သည် မယုံကြည်သော Judaism ၏ ဒေသတစ်ခုလုံးလုံးနှင့် နေထိုင်သူထပ်တစ်လဲလဲ တရားဥပဒေနှင့် မကိုက်ညီသော နှောင့်ယှက်ခြင်းမှ ခရစ်ယာန်များကွယ်ကာဖို့ရန် ကြားဝင်သည်။ (တမန် ၁၆း၃၅၊ ၁၇း၆–၉၊ ၁၈း၁၂–၁၆၊ ၁၉း၃၇–၃၈၊ ၂၃း၂၉၊ ၂၅း၁၈း၂၀၊ ၂၅း၂၄–၂၇၊ ၂၆း၃၀–၃၂)။ ဦးစွာ ၂၅၀ ခရစ်ယာန်ဘာသာသနာသည် ခွင့်ပြုချက်ရခဲ့သည်။ ရိုးရိုးရှင်းရှင်းဖြစ်သော အချက်သည် ထိုပျံ့နှံ့သော ညှင်းပန်းနှိပ်စက်ခြင်းသည် အင်ပါယာ Decius အေဒီ ၂၅၀ အထိမရှိခဲ့ပါ။ ၎င်းကို Gallus (၂၅၁–၂၅၃) နှင့် Valerian (၂၅၇–၂၅၉) နောက်ဆုံး Diocletian (၃၀၃–၃၁၁) တို့က ကျင့်သုံးခဲ့ကြသည်။ အချို့သောသူက၊ အချို့သောနေရာ၌ နှစ်ပေါင်း ၂၀၀ ခန့်ကဦးစွာ Decius က အထူးဖြစ်သောအသင်းတော်အဆောက်အဦးကို ဆောက်လုပ်ခဲ့သည်။ သို့သော် ထင်ရှားစွာ ဘယ်သူမှက မလုပ်ခဲ့ဘူးပါ။ (ယနေ့တရုတ်နိုင်ငံ၌ အချို့သောယုံကြည်သူများသည် အသင်းတော်အဆောက်အဦး ဆောက်လုပ်ဖို့ရန် စီမံနေသည်။) ဤတင်ပြချက်များသည် အိမ်၌တွေ့ဆုံခြင်းနောက်ကွယ်မှာ ဘာသာရေးနှင့်ဆိုင်သော ရည်ရွယ်ချက်များရှိလိမ့်မည်။

ညှင်းပန်းနှိပ်စက်ခြင်းသည် ပေါက်ကွဲသောအချိန်တွင် Saul သည် ခရစ်ယာန်တွေကို ဘယ်နေရာသွားပြီး ဖမ်းဖို့ရန်မသိခဲ့ပါ (တမန် ၈း၃)။ နောက်ပိုင်းရောမမှာ ရှိတဲ့အသင်းတော်သည် မြေအောက်၌တွေ့ဆုံသော ယုံကြည်သူများကို အစိုးကနှိပ်စက်ရန် တုံ့ပြန်ခဲ့သည်။ အထူးသဖြင့်အကာအကွယ်ပေးသော မြေအောက်သင်္ချိုင်းတို့ဖြစ်သည်။ သို့သော် ညှင်းပန်းနှိပ်စက်ခြင်းရှိချိန်တွင် လိုအပ်သည့်အလျောက် နက်နက်နဲနဲမအုပ်ချုပ်နိုင်ခဲ့ခြင်း။ သေးငယ်ဖို့အတွက် ရည်ရွယ်ချက်ကို ပို၍နှစ်သက်ခြင်း အိမ်အရွယ်အစား လူစုလူဝေးစသည်တို့ ဖြစ်သည်။ အရေးကြီးသောအချက်တစ်ခုသည် ထိုဓမ္မ

သစ်ကျမ်းထဲ၌ရှိသော အရာအားလုံးသည် လူနေထိုင်သောအိမ်အသင်းတော်အဖြစ် ရေးသားခဲ့ခြင်းဖြစ်သည်။ ပြီးသော ငြင်းခုံနိုင်သောအရာတစ်ခုသည် အသင်းတော်အသက်အတွက် ဓမ္မသစ်ကျမ်း စံပြအရာသည် သေးငယ်သော အသင်းတော်တစ်ပါးအနေဖြင့် နားလည်သဘောပေါက်ခြင်းသည် အကောင်းဆုံးဖြစ်ခြင်းတို့ဖြစ်သည်။ ထို့အပြင်မိသားစုကဲ့သို့ တပ်ဆင်ထားသော အသင်းတော်ဖြစ်သည်။

**ဆင်းရဲခြင်း (Poverty)**

ဓမ္မသစ်ကျမ်းအချိန်နှင့် ရာစုနှစ်နှောင်းပိုင်းအသင်းတော် အဆောက်အဦးလုံးဝမရှိတဲ့အကြောင်းကို ဆင်ရဲခြင်းလို့ ကျွန်ုပ်တို့ဆုံးဖြတ်နိုင်သလား။ အစောပိုင်းခရစ်ယာန်ဘာသာသို့ ပြောင်းလဲသောလူ တော်တော်များများသည် ဂျူးလူမျိုးများဖြစ်သည်။ ထိုအချိန်ကဆောက်လုပ်ထားသော ဂျူးဘုရားရှိခိုးကြောင်း၌ ဒီ Mediterranean တစ်ဝှမ်းမှာ လူသိများခဲ့သည်။ ထိုအချိန်၌ ဤလူတွေက ဘယါအသင်းတော်အဆောက်အဦးလုပ်ရန် ရည်ရွယ်ခဲ့ကြသည်။ တမန် ၄း၃၂–၃၆ ထဲ၌ ဖော်ပြထားသည်။ ထိုဖော်ပြချက်သည် အစောပိုင်းကပြောင်းလဲသော သူများသည် အိမ်နှင့်မြေကွက်များပိုင်ဆိုင်ကြသည်။ နောက်ပိုင်း၌ ပြောင်းလဲသောသူများသည် Gentile လူမျိုးများဖြစ် သည်။ ထိုသူတို့သည် သူတို့ဘုရားအတွက် ကြီးမားသောဘုရားကျောင်းဆောက်လုပ်ဖို့ရန် တစ်နည်းနည်းဖြင့် စီမံနေသော ဘုရားမဲ့သောသူများဖြစ်သည်။ တစ်ပါးအမျိုးသားခရစ်ယာန်များသည် အသင်းတော်မှာ စုရုံးနိုင်ရန် နေရာတိုင်း၌ အဆောက်အဦးများကို ဆောက်လုပ်နိုင်ခဲ့တယ်မဟုတ်လား။

ဘုရားသခင်၏ ရွေးနှုတ်ခြင်းထဲ၌ အချို့ချမ်းသာသောသူများရှိသည်။ ထိုဘုရားသခင်၏ ရွေးနှုတ်ခြင်းသည် ကြိုတင်ခွဲခန့်ခြင်းအားဖြင့် ရှင်းလင်းစွာ ပြုခဲ့သည်။ ၎င်းကို တိမောသေသည် ယခုကမ္ဘာမှာ ချမ်းသာသောသူများကို ဘဝင်မမြင့်ဖို့ရန် (ဝါ) သူတို့မျှော်လင့်ခြင်းသည် မရေရာသော ချမ်းသာခြင်း၌ မစွဲလမ်းရန် သွန်သင်ဖို့ရန် တိမောသေကို ဘုရားက ရွေးခဲ့သည်။ ထို့ကြောင့် အရာအားလုံးသည် ဘုရားကသာပေးသည်။ ကျွန်ုပ်တို့ကို ချမ်းသာကြွယ်ဝစွာပေးသော ဘုရားသခင်အပေါ်မှာသာလျှင် ဝမ်းမြောက်ဖို့သာဖြစ်သည်။ ကောင်းသောအလုပ်ကို လုပ်ဖို့ရန် သွန်သင်ခြင်း ဝေငှဖို့ရန်အဆင်သင့်ရှိခြင်းနှင့် ရက်ရောခြင်း လာမည့်အနာဂတ်အတွက် ကောင်းသောအုတ်မြစ် ရတနာကို ကိုယ့်ကိုယ်ကို တည်ဆောက်ထားရမည်။ သို့မှသာလျှင် သူတို့သည် ဘဝအတွက် လိုအပ်သောအရာကို ရယူမှာဖြစ်သည် (၁တိ ၆း၁၇–၁၈၊ NASV)။ ပြီးတော့ James က ကောင်းသောဝတ်စားဆင်ယင်ခြင်းနှင့် အသင်းတော်စုရုံးနေခြင်း၌ ရွှေများကို ဝတ်ဆင်ပြီး လာသောသူများ မျက်နှာပေးခြင်းကို ဆန့်ကျင်သည်။ (ယာကုပ် ၂း၁–၄) ထိုသူတို့သည် အသင်းတော်ထဲ၌ ပါဝင်ကြသည်။

ထပ်မံ၍ ခရစ်ယာန် ချမ်းသာသောသူများ မျက်မှောက်အချိန်တွင် ရှင်ပေါလုက ပြင်းထန်စွာ အပြစ်တင်ကြောင်းတွေ့နိုင်သည်။ ထိုသူတို့သည် ကောရိန္သု၌ရှိသော ချမ်းသာသူများဖြစ်သည်။ (၁ကော ၁၁း၂၂) တွင် "သင်တို့တွင် စားသောက်ရာဖို့ ကိုယ့်အိမ်မရှိသလော။ သို့မဟုတ်လျှင် ဘုရားသခင်၏ အသင်းတော်ကို မထင်မဲ့မြင်ပြု၍ ဆင်းရဲသောသူတို့ကို ချီးမွမ်းရမည်။ မချီးမွမ်းရ။

**ကြီးပွားခြင်း (Progression)**

ဘုရားသခင်သည် အိမ်၌တွေ့ဆုံခြင်း အချို့ကဘုရားသခင်သည် ကြီးပွားခြင်းကို ရည်ရွယ်သည်ဟု ထင်မြင်ချက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် အိမ်၌တွေ့ဆုံခြင်းကို ကျင့်သုံးခြင်းသည် အစောပိုင်းအသင်းတော် ဖွံ့ဖြိုးတိုးတက်စေဖို့ရန် တရားဝင်စေသော အဆင့်ဖြစ်သောကြောင့်ဖြစ်သည်။ ၎င်းသည် တိုးပွားခြင်း၏ အစဖြစ်သည်။ သို့သော် နောက်ပိုင်း၌ ရင့်ကျက်ဖို့ရန် ထိုတိုးပွားခြင်းသည် ခဏတာဖြစ်သော ခြေလှမ်းဖြစ်သည်။ ဤသို့ဖြင့် အိမ်အသင်းတော်များသည် အသင်းတော်၏ ထူးခြားသည့်အစဖြစ်သည်။ သို့သော် ထိုရင့်ကျက်ဖို့ရန် မဟုတ်ပါ။ ၎င်းသည် မှန်ကန်ပြီး သဘာဝကျသည်ဆိုတာ သူတို့သည် ငြင်းခုံကြသည်။ အဘယ်ကြောင့်ဆိုသော် အသင်းတော်ကြီးပွားဖို့ရန် တစ်ဖက်၌ ဤအစောပိုင်းအသင်းတော်အတိုင်း လိုက်လျှောက်ခြင်းနှင့် တိုးတက်ဖို့ နည်းလမ်းများသည် ထူးခြားလှသောကြောင့်ဖြစ်သည်။ သို့သော် သန့်ရှင်းသောဝိညာဉ်တော် လမ်းပြသည့်အတိုင်း လိုက်လျှောက်သည့်အကြောင်း မှတ်တမ်းတင်ထားပါသည်။ ဤသို့ဖြင့် ဘုန်းကြီးကျောင်းများ ဆောက်လုပ်ခြင်း၊ ကြီးမားသောဝတ်ပြုကိုးကွယ်ခြင်း၊ မြို့ပြအသင်းတော်တစ်စု၌ ဂိုဏ်းချုပ်တစ်ဦးထားရှိခြင်းတို့၌ ခေတ်မီသောရထူးများကို Presbyter အသင်းတော်၌ တိုးတက်စေခြင်း Constantine ပြီးနောက်ပြည်နယ်၌ နောက်ဆုံးအသင်းတော် ပူးပေါင်းစေခြင်းသည် ကောင်းသောအရာနှင့် တိကျသော တိုးတက်ခြင်းဖြစ်သည်ဟု မြင်လို့ရသည်။

သို့သော် တမန်တော်များသည် ပထမဦးဆုံးအသင်းတော်တည်ထောင်ခဲ့သည့် အချိန်၌ တိကျမှန်ကန်သော နည်းစနစ်များ အသင်းတော်အတွက် ထားရှိဖို့ရန် ရည်ရွယ်ချက်ရှိသည်။ ဥပမာအားဖြင့် ၁ကော ၁၁း၂ ထဲတွင် ညီအစ်ကိုတို့ သင်တို့သည် အရာရာ၌ ငါ့ကိုအောက်မေ့၍ ငါအပ်ပေးသောနည်းဥပဒေသတို့ကို စွဲလမ်းကြသည်ဖြစ်၍

သင်တို့ကို ငါချီးမွမ်း၏။ သူတို့သည် အသင်းတော်ကျင့်ဝတ်အမျိုးမျိုးကွဲတွဲခြင်း ကြိုဆိုခြင်းကို ပယ်ဖျက်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ထိုအသင်းတော်အားလုံးသည် ကမ္ဘာတစ်ဝှမ်းလုံးကျင့်သုံးခြင်းအပေါ် အခြေခံခြင်းကို ပြုလုပ်ခဲ့သော်ကြောင့်ဖြစ်သည်။ ၁ကော ၁၁း၁၆ ထဲတွင် သို့သော်လည်း တစ်စုံတစ်ယောက်သောသူသည် ငြင်းခုံလျှင် ငါတို့၌ ၎င်း ဘုရားသခင်၏အသင်းတော်၌၎င်း ထိုသို့သော ထုံးစံမရှိ။ ပြီးတော့ ၂သက် ၂း၁၅ ထဲတွင် ထို့ကြောင့် ညီအစ်ကိုတို့ ငါတို့နှုတ်ထွက်စကားအားဖြင့် ဖြစ်စေ၊ စာအားဖြင့်ဖြစ်စေ၊ သင်တို့သည် သင်ခဲ့ပြီးသောနည်းဥပဒေသများကို တည်ကြည်လျက် ကိုင်ယူစွဲလမ်းကြလော့။ ဘုရားသခင်သည် တမန်တော်များကိုကိုယ်ရေးကိုယ်တာ သွန်သင်ခြင်းနှင့် အထူးရွေးချယ်ခံရသောသူများဖြစ်သည်။ အသင်းတော်၏ ရည်ရွယ်ချက်ကို လူတစ်ဦးတစ်ယောက် နားလည်သဘောပေါက်ခဲ့လျှင် ထိုသူသည် တမန်တော်များကဲ့သို့ အထူးရွေးချယ်ခံရသောသူများဖြစ်မည်။ ထိုကျင့်သုံးလိုက်လျှောက်ခြင်းများသည် သူတို့သည် အသင်းတော်တည်ထောင်ခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အသင်းတော်၏ အဖွဲ့အစည်းလှုပ်ရှားမှုများကြောင့်ဖြစ်သည်။ ၎င်းတို့သည် အသင်းတော်၏ ရည်ရွယ်ချက်ကို သူတို့နားလည်သဘောပေါက်ခြင်းနှင့်အတူ ထိန်းသိမ်းထားကြသည်။ သူတို့သည် ဝိညာဉ်တော်၏ ဦးဆောင်မှုကို လေးစားမှုပြုရမည်။ ၎င်းဝိညာဉ်တော်ကို အဖွဲ့အစည်းတစ်ခုတိုင်းရဲ့ ပြုမူပုံစံ ကြိုက်နှစ်သက်ရန် ဦးဆောင်လိမ့်မည်။ ထိုကျွန်ုပ်တို့ပိုင်ဆိုင်သော ဖန်တီးနိုင်စွမ်း စဉ်းစားတွေးတောခြင်းသည် ကောင်းသောအကြံအဉာဏ်ကိုပေးလိမ့်မည်။

ဓမ္မသစ်ကျမ်းထဲ၌ ဝတ်ပြုကိုးကွယ်ခြင်းအတွက် အထူးအဆောက်အဦး ဆောက်လုပ်ခြင်းသည် လုံးဝပြောပြခြင်းမရှိပါ။ ဓမ္မဟောင်းပညတ် မောရှေ၏ ဥပဒေများပြဋ္ဌာန်းခြင်းနှင့် နှိုင်းယှဉ်ကြည့်လျှင် Tabernacle သည် အလွန်မှန်ကန်သော စီမံကိန်းများပါဝင်သည်။ ၁ပေ ၂း၄–၅ ထဲတွင် "လူတို့သည် ပယ်ထား၍ ဘုရားသခင်ရွေးချယ်တော်မူသော အသက်ကျောက်မျက်ဖြစ်သော ထိုသခင်ထံသို့ သင်တို့သည် ရောက်၍ အသက်ကျောက်များအဖြစ် အဆင့်ဆင့် အထပ်ထပ်တည်ဆောက်လျက်ရှိသဖြင့် ဓမ္မတိုက်ဖြစ်ကြ၏။ ယေရှုခရစ်အားဖြင့် သန့်ရှင်းသော ယဇ်ပရောဟိတ်မျိုးလည်း ဖြစ်ကြ၏။ ဤကျမ်းချက်ကို ဧဖက် ၂း၁၉–၂၂၊ ၁ကော ၃း၁၆၊ ၁ပေ ၁၉ ထဲတွင်လည်း တွေ့နိုင်သည်။ ဤသို့ဖြင့် အလွန်အကောင်းဆုံးသောအရာသည် အသင်းတော်အဆောက်အဦးများသည် ဘုရားသခင်မကြိုက် မနှစ်သက်သောအရာဖြစ်သည်။ အဆိုးဆုံးကတော့ သူတို့သည် Mosaic law ၏အရိပ်ဖြစ်သော အသွေးသားနှင့်ဆိုင်သောပညတ်ဖြစ်၏။ အဓိကအချက်ကတော့ မည်သည့်နေရာ၌ အသင်းတော်ဝတ်ပြုခြင်းမဟုတ်ပါ။ သို့သော် မည်သည့်နေရာ ဘယ်လိုနည်းနှင့် ဘုရားသခင်၏ အလိုတော်ကို အကောင်းဆုံးလုပ်ဆောင်ခြင်းတို့ဖြစ်သည်။ ထိုအသင်းတော်အဆောက်အဦးများ ဖျက်စီးခြင်းသည် စံနမူနာ ပြုထိုက်သော အခန်း၌နေထိုင်ခြင်းထက် ပို၍လူများလိုအပ်ခြင်းကြောင့်ဖြစ်သည်။ ကြီးမားသော အဆောက်အဦး ဆောက်လုပ်ခြင်းနောက်ကွယ်မှာ လူတစ်ယောက်သည် ဉာဏ်ပညာ၌ အံ့သြမှုရှိသည်။ အသင်းတော်မှာ ပါဝင်သောသူများ ရှိကတည်းက အလွန်ကောင်းအသင်းတော်ရည်ရွယ်ချက်ကို ရှုံးနိမ့်စေခဲ့သည်။ အဘယ်ကြောင့်ဆိုသော် အသင်းတော်ဝတ်ပြုခြင်းသည် ပထမနေရာ၌ ထားရှိခြင်းကြောင့်ဖြစ်သည်။ ကြီးမားသောအုပ်စုများသည် ဝတ်ပြုအစည်းအဝေးအတွက် ကြီးမားသည်။ ခရစ်ယာန်ဆရာ တွေ့ဆုံခြင်း (ဝါ) ဇဝံဂေလိဝေငှခြင်းကို ကြားနားခြင်းသည် မြင့်မြတ်လှသည်။ သို့သော် အသင်းတော်တွင် ထိုလှုပ်ရှားမှုထက် တစ်ခုသောအရာ၌ ပြည့်စုံစွာ ခြားနားခြင်းတို့ဖြစ်သည်။

**ရည်ရွယ်ချက်ရှိသောစံနမူနာ**

အိမ်အသင်းတော်များ၏ ရည်ရွယ်ချက်ရှိသော စံနမူနာများကို တမန်တော်များသည် ပြသခဲ့သလော။ အိမ်၌တွေ့ဆုံခြင်းသည် မည်သည့်လက်တွေ့ အကျိုးဆက်များကို အသင်းတော်၌ ပြုလုပ်ပြီးခဲ့သလဲ။ ၎င်းတို့သည် နမူနာပုံစံဖြစ်သော မှန်ကန်ကြောင်းထင်ရှားသည့်အရာဖြစ်သည်။ ထိုပုံစံသည် လုပ်ကိုင်ဆောင်ရွက်မှု လိုက်လာသည်။ တမန်တော်များယုံကြည်ချက်သည် အသင်းတော်၏ လုပ်ကိုင်ဆောင်ရွက်မှုလောက် ပုံစံသည် နဂိုအတိုင်းဖော်ပြခဲ့သည်။ ပထမရာစုနှစ်က အသင်းတော်ဖြစ်သကဲ့သို့ ဖြစ်သည်။ အစောပိုင်းအိမ်အသင်းတော်၏ ထူးခြားသောအချို့လိုက်လျှောက်ခြင်းသည် ကြီးကြီးမားမား စဉ်းစားဖို့ဖြစ်သည်။

(၁) အိမ်အသင်းတော်၏ အဓိကထူးခြားသောအရာသည် အထူနေထိုင်သောသူများ၏ ထိုဘာသာရေး လေ့လာသည့်ပညာကို လိမ်ပြောခြင်းဖြစ်သည်။ အသင်းတော်သည် မိသားစုအဖြစ်ဖော်ပြသော တမန်တော်စာရေးဆရာများ ဆက်ဆံမှုအားဖြင့် တရုတ်ဖော်သည်။ ၁ယော ၃၆ ထဲတွင် ယုံကြည်သူများသည် ဘုရားသခင်၏ သားသမီးများဖြစ်သည်။ သူ၏မိသားစုထဲသို့ မွေးခြင်းခံသောသူများဖြစ်သည်။ ယော ၁း၁၂–၁၃၊ ဧဖက် ၂း၁၉၊ ဂလာတိ ၆း၁၀ ထဲတွင် "သင်တို့သည် ဘုရားသခင်၏ အိမ်တော်သားလည်းဖြစ်ကြ၏။" ဖိ ၂၊ ရောမ ၁၆း၂ ထဲတွင် သင်တို့သည် ညီအစ်ကိုမောင်နှမများ ဖြစ်သည်။ အကျိုးတရားအားဖြင့် ခရစ်ယာန်များသည် မိသားစုတစ်စုကဲ့သို့ ဆက်နွယ်မှုရှိသည်။ ၁တိ ၅း၁–၂၊ရောမ ၁၆း၁၃ ဤဘာသာရေးနှင့် ဆိုင်သော အချက်အောက်တွင် ဘုရားသခင်၏ သားသမီးများသည် အသင်းတော်များများဖြစ်ပေါ်စေဖို့ မျသားစုတစ်ခုဖြစ်သည်။ မေးခွန်းမေးစရာဖြစ်လာတာကတော့ ဘုရားသခင်၏ မိသားစု၌ ကျွန်ုပ်တို့၏လုပ်ကိုင်ဆောင်ရွက်မှုသည် အကောင်းဆုံးသော တန်ဆာပလာအားဖြင့် တပ်ဆင်ခြင်းဖြစ်သည်။

(၂) များပြားသောစာပေလေ့လာလိုက်စားသူများသည် ပွဲတော်မင်္ဂလာသုံးဆောင်ခြင်းအားဖြင့် စွဲဆောင်သည်။ ၎င်းသည် အပတ်တိုင်းသုံးဆောင်ခြင်း မိတ်သဟာယအစာဖြင့် ကျင်းပခြင်းဖြစ်သည်။ Local ရပ်တည်သော အသင်းတော်တစ်ခုစီ တိုင်းသည် မိသားစုကဲ့သို့ဖြစ်ရမည်။ (၁တိ ၅း၁–၂) အကြီးမားဆုံးသော မိသားစုများ၌ ပြုလုပ်လေ့ရှိသောအရာသည် အတူတကွစားသုံးခြင်းဖြစ်သည်။ အစောပိုင်းအသင်းတော် ဝတ်ပြုခြင်းများသည် ပွဲတော်စားပွဲနှင့် ပတ်ပတ်လည်ဝိုင်းခြင်း သည် မိတ်သဟာယဖွဲ့ခြင်း၏ အလွန်ကြီးမားသော အချိန်ဖြစ်သည်။ ထိုအချိန်၌ အတူနေထိုင်သူများကို အားပေးနှိမ်သိပ် ခြင်းတို့ဖြစ်သည်။ လုကာ ၂၂း၁၆–၁၉၊ ၂၉း၃၀၊ တမန် ၂း၄၂၊ ၂၀း၇၊ ၁ကော ၁၁း၁၇–၃၄၊ ဗျာ ၁၉း၆–၉ ထဲတွင် ကောင်းကင်တမန်ကလည်း သိုးသူငယ်၏ မင်္ဂလာဆောင်ပွဲသို့ ခေါ်ဖိတ်ခြင်းခံရသောသူတို့သည် မင်္ဂလာရှိကြ၏ဟု ရေး ထားလောဟူ၍လည်းကောင်း ဤစကားသည် ဘုရားသခင်၏နှုတ်ထွက်ဆင်စစ်ဖြစ်၏ဟူ၍လည်းကောင်း၊ ငါ့အားပြောဆို ၏။ ကြီးမားသောတစ်ဦးတစ်ယောက် စုရုံးခြင်းသည် နည်းပါးသောမိသားစုကဲ့သို့ဖြစ်လာသည်။ ထိုမှ မှန်ကန်သော အစာအစားကဲ့သို့ ပွဲတော်ကိုပို၍လက်တွေ့မကျခြင်းနှင့် ပုဂ္ဂိုလ်စွဲစေခဲ့သည်။ ထို့ကြောင့် နောက်ပိုင်းရာစုနှစ်တွင် အသင်း တော်ဆုံးဖြတ်သောအိမ်၌ ဝတ်ပြုခြင်းတွင် ပွဲတော်မင်္ဂလာသည် နောက်ဆုံး၌အရာအားလုံးကို အဓိပ္ပာယ်ရှိစေခဲ့သည်။ ထိုပွဲ တော်မင်္ဂလာသည် သေးငယ်သောမုန့်တစ်ဖဲ့နှင့် မျိုချနိုင်သော ဝိုင်အရက်တစ်ခွက်ကို အမှတ်အသားဖြစ်စေခဲ့သည်။

(၃) အစောပိုင်းအသင်းတော်တွေ့ဆုံးခြင်းများသည် ရှင်းလင်းစွာအပြန်အလှန် အကျိုးသက်ရောက်စေခဲ့သည်။ ၁ကော ၁၄၊ ဟေဗြဲ ၁၀း၂၄–၂၅၊ ဧဖက် ၁၉း၂၀၊ ကောလောသဲ ၃း၁၆၊ တစ်စုံတစ်ရာညီအစ်ကိုတစ်ယောက်က နှုတ်အားဖြင့်ပါဝင်လို့ ရသည်။ တစ်စုံတစ်ရာအတွက် လိုအပ်သောအရာသည် အသင်းတော်ခွန်းအားပေးဖို့ရန် ရည်ရွယ်ခြင်းနှင့် မြှင့်တင်ပေးခြင်း ဖြစ်သည်။ ပြီးတော့ ပြည်သူလူထုပြောစကားသည် လူများအတွက်ကြီးမားသော ကြောက်ရွံ့ခြင်းဖြစ်သည်။ ပါဝင်ဆင်နွှဲ ခြင်း၊ ဝတ်ပြုစည်းဝေးခြင်းများသည် နေထိုင်သောအခန်း၌ စုရုံးဖို့ရန်အသင့်တော်ဆုံးဖြစ်သည်။ တစ်ယောက်နှင့်တစ် ယောက် လူအများသိဖို့ရန် မိတ်သဟာယဆက်ပေးခြင်းသည် မှန်ကန်သောမိတ်ဆွေများဖြစ်သည်။ ပါဝင်နွှဲဝတ်ပြုစည်းဝေး ခြင်းသည် ကြီးမားသောလူဦးရေအတွက် လက်တွေ့မကျပါ။ လူနေထိုင်သောအခန်းသည် ဘုရားရှိခိုးကျောင်းဖြင့် ပြန်လည် အစားထိုးသည်။ ဤသို့ဖြင့် အပြန်အလှန်အကျိုးပြုသော တွေ့ဆုံခြင်း၊ ဝတ်ပြုကိုးကွယ်ခြင်းအားဖြင့် ပြန်လည်အစားထိုး သည်။

(၄) သမ္မာကျမ်းစာသည် တစ်ယောက်ကိုတစ်ယောက်အမိန့်ပေးခြင်းဖြင့် ပြည့်စုံသည်။ အသင်းတော်သည် အသင်းတော် တစ်ပါးနှင့်တစ်ပါး အဖွဲ့အစည်းနှင့်အသင်းတော်စည်းမျဉ်းစည်းကမ်းများ လိုက်လျှောက်ရမည်။ မဿဲ ၁၈း၁၅–၂၀၊ ဤ ယူဆချက်သည် ပိုသေးငယ်သောစုရုံးခြင်းသည် လူသိပြီးတစ်ယောက်နှင့်တစ်ယောက် ချစ်နိုင်ဖို့ရန် အကောင်းဆုံးသော ပြုလုပ်ခြင်းဖြစ်သည်။ အသင်းတော်သည် မိတ်သဟာယဖွဲ့ခြင်းရှိရမည်။ ကြီးမားသောအားကစားရုံး၌ရှိသော လူများသည် တစ်ယောက်နှင့်တစ်ယောက် စိမ်းနေကြသည်။ ထိုလူများရရှိဖို့ရန် မလွယ်လှပါ။ သာမန်ခရစ်ယာန်သည် ဆိပ်ကမ်း၌ရပ် နေသောသူများဖြစ်သည်။ ထိုလူများသည် လူအုပ်စုထဲတွင်ပျောက်ဖို့ရန် လွယ်ကူသည်။ အသင်းတော်များ အိမ်၌တွေ့ဆုံ ခြင်းသည် အကောင်းဆုံးသော ထိန်းသိမ်းစောင့်ရှောက်ခြင်းကို နားလည်သဘောပေါက်စေခြင်း ခွန်အားဗလရင်းနှီးကျွမ်းဝင် ခြင်းနှင့် သန့်ရှင်းခြင်းသည် သူ၏အသင်းတော်မှာရှိရန် ဘုရားသခင်ဆန္ဒရှိသည်။

(၅) သမ္မာကျမ်းစာအသင်းတော်သည် ခေါင်းဆောင်များရှိကြသည်။ ၎င်းတို့မှာ Elders Pastors Over Seers များရှိသော် လည်း သူတို့သည် အမိန့်ပေးခြင်းထက် ဥပမာပြသခြင်းနှင့် စွဲဆောင်မှုပြုခြင်းအားဖြင့် ပို၍ဦးဆောင်ခဲ့ရသည်။ အဖွဲ့တစ် ခုလုံးအယူအဆကို အသင်းလူကြီးတစ်ဦး ဦးဆောင်ခြင်းသည် ဆုံးဖြတ်ချက်ချရန်တွင် အရေးပါသည်။ မဿဲ ၁၈း၁၅–၂၀၊ လုကာ ၂၂း၂၄–၂၇၊ ယော ၁၇း၁၁၊ ၂၀း၂၃၊ ၁ကော ၁း၁၀၊ ၁၀း၁၇၊ ဧဖက် ၂း၁၉–၂၀၊ ၄း၁၃–၁၇၊ ဖိ ၂း၁–၂၊ ၁ပေ ၅း၁–၃၊ အယူအဆနှင့် ပတ်သက်၍ သဘောတူညီချက်ရရှိခြင်းသည် အသင်းတော်၌တစ်ဦးနှင့်တစ်ဦး သိကျွမ်းခြင်း တစ်ဦးနှင့်တစ်ဦးချစ်ခြင်း တစ်ဦးနှင့်တစ်ဦးနားလည်ပေးခြင်း၊ တစ်ဦးနှင့်တစ်ဦးသည်းခံခြင်းနှင့် တစ်ဦးနှင့်တစ်ဦး အပ်နှံ ခြင်း စသည်တို့ဖြစ်သည်။ သို့သော် ပို၍ကြီးမားသောမိတ်သဟာယဖွဲ့ခြင်း၌ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ခြင်းနှင့် ချစ်ကြည်ရင်းနှီးမှုကို ထိန်းသိမ်းဖို့ရန် ပို၍ခက်ခဲခဲ့သည်။ ကြီးမားသော စုရုံးခြင်း၌သင်းအုပ်ဆရာများသည် CEO ဖွဲ့စည်း ပုံကဲ့သို့ဖွဲ့စည်းရန် အရေးကြီးသည်။

(၆) ၁ ရာစုအသင်းတော်သည် ကမ္ဘာကြီးကို ပြောင်းပြန်ဖြစ်စေခဲ့သည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်များသည် ခေတ်မီသော ဓမ္မခေတ်အိမ်အသင်းတော်ကို အသုံးပြုခြင်းကြောင်းဖြစ်သည်။ အိမ်းအသင်းများသည် နိမ်ကကြီးသာမန်လူလို က ဦးဆောင်သည်။ သို့သော် ထုတိလုပ်ဖို့ရန် လျင်မြန်သည်။ ကြီးမားသောစွမ်းရည်ရှိသည်။ ကျွန်ုပ်တို့သည် လက်တွေ့ ၌ ကြီးမားသောအရာကို ရရှိဖို့ရန် သေးငယ်သောအရာကနေ စဖို့ဖြစ်သည်။ ဘုရားသခင်သည် အရည်အချင်းနှင့်အတူ

ကြီးမားခြင်းကို တန်းတူမထားပါ။ ၁ကော ၁း၂၇–၂၉၊ ထဲတွင် ရှင်ပေါလုက ဘယ်လိုအသိပေးသလဲဆိုရင် ဘုရားသခင်သည် ပညာရှိတို့ကို ရှက်ကြောက်စေခြင်းငှါ လောကီအရာ၌အားနည်းသောသူတို့ကို ရွေးကောက်တော်မူ၏။

(၇) ဓမ္မသစ်ကျမ်းသည် ဆင်းရဲသောသူ၊အရည်အချင်းရှိသောသူ၊ အသင်းလူကြီးများ၊ ဧဝံဂေလိဆရာနှင့် သာသနာပြုသောသူများကို သဘောထားကြီးသောထောက်ပံ့မှုကိုပြုရာ သုံးစွဲခဲ့သည်။ ၁ကော ၉၊ ၁တိ ၅း၁၇–၁၈၊ ၃ယော ၅း၈၊ တွင် ယုံကြည်သူအုပ်စုများသည် ဆင်းရဲသောသူကို ကူညီခြင်း၌ အသင်းတော်တည်ထောင်သောသူများကို ပိုများရန် ပံ့ငွေကို ပို၍ရှာဖွေပေးခြင်း ထောင်းပေါင်းသောယုံကြည်သူများသည် ရှေးခေလေ့ထုံးစံအသင်းတော်တစ်ပါးဖွဲ့စည်းခဲ့ခြင်းနှင့် ၎င်းတို့သည် သူတို့ပိုင်ဆိုင်သော အသင်းတော်သာသာနာမြေ၌တွေ့ဆုံးခြင်း ဤသို့ဖြင့် နားလည်ရန်ခက်သော ဆန်းဒေးစကူးလ်နှင့် မိသားစုအသက်တာ (ဝါ) ထောင်ပေါင်းသောယုံကြည်သူများသည် အိမ်အသင်းတော်စုပေါင်းလုပ်ဆောင်ခြင်း၌ အတူတကွပူးပေါင်းဆောင်ရွက်ခဲ့သလဲ။ အမေရိကန်နိုင်ငံ၌ရှိသော protestant အသင်းတော်သည် ၈၀% ဝင်ငွေသည် အဆောက်အဦး အမှုထမ်းနှင့်အသင်းတော်အစီစဉ်၌သုံးပြီး ၂၀% သာ သာသနာအတွက်အသုံးပြုခဲ့သည်။ အိမ်အသင်းတော်ပူးပေါင်းရွက်ခြင်း၌ ၎င်းရာခိုင်နှုန်းများသည် လွယ်ကူစွာပြောင်းပြန်လှန်ကြသည်။ ဤသို့ဖြင့်သူတို့သည် အသင်းတော်အဆောက်အဦးများ တည်ဆောက်ခြင်း ဝန်ထုပ်ဝန်ပိုးမှလွတ်လပ်သောကြောင့်ဖြစ်သည်။ ထို့နောက် သူတို့အသုံးစရိတ်ရလဒ်သည် အသင်းတော်အလုပ်သမားများနှင့် လိုအပ်သောသူများကို ထောက်ပံ့ပေးနိုင်ရန် ဝေငွေများကို အသုံးပြုနိုင်သည်။

(၈) သူတို့သည် ကိုယ်ပိုင်နေအိမ်များ၌ မရောနှောတွေ့ဆုံခဲ့ကြသည်။ တမန်တော်ခေတ်၌ စံနမူနာပြုထိုက်သော စည်းရုံးခြင်းသည် သေးငယ်သည်။ ကျမ်းစာထဲ၌ တိကျသောအရည်အတွက် ပေးထားခြင်းမရှိပါ။ သို့သော်လူနေထိုင်သော အခက်အခဲ၌ လူတွေကို သက်တောင့်သက်သာဖြစ်စေခြင်း အခြားနေရာ၌မရှိပါ။ ထိုပုံစံသည် ပို၍အသင်းများကြီးမားခြင်းထက် ပို၍သေးငယ်ခြင်းဖြစ်သည်။

***နိဂုံး***

ကျွန်ုပ်တို့သည် အိမ်များ၌တွေ့ဆုံခြင်းတို့ကို ငြင်းခုံခြင်းမရှိပါ။ ကျွန်ုပ်တို့အကြံပေးသောအရာသည် တမန်တော်ခေတ်အသင်းတော်သည် အသင်းတော်အဆောက်အဦးများကို မဖျက်စီးခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် သူတို့သည် အသင်းတော်အဆောက်အဦး မလိုအပ်သောကြောင့်ဖြစ်သည်။ ဘုရားသခင်သည် စံနမူနာ၌သိထိုက်သော အသင်းတော်သည် မိမိနေအိမ်ဖြစ်ရန် ရည်ရွယ်ချက်ရှိသည်။ ဓမ္မသစ်ကျမ်းထဲ၌ ရေးသားထားသောအသင်းတော်များသည် အမှန်စင်စစ်အိမ်အသင်းတော်များဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းစာများသည် အသင်းတော်ထဲသို့ရေးသားထားသော စာများဖြစ်သည်။ ဤသို့ဖြင့် အိမ်အသင်းတော်ထဲမှ သွန်သင်သောအရာသည် ပို၍သေးငယ်သော စုရုံးခြင်းအဖြစ် အလုပ်လုပ်ရန်ဖြစ်သည်။ ထိုအိမ်အသင်းတော်သည် ကြီးမားသောအုပ်စုအဖြစ် အလုပ်လုပ်ရန်ဘယ်တော့မှ မရည်ရွယ်ခဲ့ပါ။ သို့သော် ၎င်းအိမ်အသင်းတော်သည် ကြီးမားသောအုပ်စုကဲ့သို့ အလုပ်မလုပ်ပါ။ ထို့ကြောင့် ခေတ်ကြီးမားသောအသင်းတော်ကို ဓမ္မသစ်ကျမ်းအသင်းတော်နှင့် ပြန်သုံးသပ်ကြည့်လျှင် ၎င်းသည် မဿဲ ၉း၁၇ ထဲတွင် အသစ်သောစပျစ်ရည်ကို ဟောင်းသော သားရေဘူးထဲ၌ ထည့်လေ့မရှိပါ။ ဤသို့ဖြင့်ကျွန်ုပ်တို့သည် ဓမ္မသစ်အိမ်အသင်းတော် လှုပ်ရှားမှုသည် ရှေးထုံးတမ်းစဉ်အလာ အသင်းတော်သို့ပြန်ပြောင်လျှင် ကျွန်ုပ်တို့သည် အသစ်သောစပျစ်ရည်ကို ဟောင်းသောသားရေဘူးထဲသို့ပြန်ထည့်ခြင်းနှင့်တူသည်။

## အပိုင်း (၂) Part Two

ဘာဖြစ်လို့ကျွန်ုပ်တို့က ယုံကြည်သူများဟာ အိမ်၌ဝတ်ပြုစည်းဝေးပြုလုပ်ရန် ဆက်လက်တိုက်တွန်းနေတာလဲ။ နေရာတကာမှာပြုလုပ်လို့မရဘူးလား။ အသင်းတော် တော်တော်များများသည် စာအုပ်ဆိုင်၊ ကော်ဖီဆိုင်များ၌ ဝတ်ပြုစည်းဝေးခြင်းများလုပ်ကြသည်။ အဲဒါနဲ့ဘာမှားလို့လဲ ကောင်းပါတယ်။ ကျွန်ုပ်အနေနဲ့ကန့်ကွက်တာမရှိဘူး။ ဒါပေမဲ့ ကျွန်ုပ်ရဲ့ ဆန္ဒကတော့အခြေခံကျသော ဓမ္မသစ်အသင်းတော်ဝတ်ပြုစည်းဝေးခြင်းကဲ့သို့ ဖြစ်စေ၍ချင်လို့ဖြစ်ပါသည်။

၁ ရာစုဓမ္မသစ်အသင်းတော်များသည် ပြဿနာမရှိဘဲနှင့် အိမ်၌ဝတ်ပြုကိုးကွယ်ခြင်းကို ပြုလုပ်နိုင်ခဲ့သည်။ ဒါပေမဲ့ ကြီးထွားလာသည့်အခါမှာ ပြဿနာရှိတတ်ပါတယ်။ အဲဒါကြောင့် ဓမ္မသစ်သွန်သင်သည့်အတိုင်း ဆက်လက်စောင့်ရှောက်နိုင်ရန် ယုံကြည်သူတစ်ချို့တို့သည် အခြားအိမ်အသင်းတော်တစ်ပါး တည်ထောင်လျက်ရှိပါသည်။ အိမ်အသင်းတော်၌ ယုံကြည်သူများလာသည့်အခါမှာ ကြီးမားသောအဆောက်အဦးကို ဆောက်ဖို့ရန်မဟုတ်ဘဲ ယုံကြည်သူများကို နှစ်ခြမ်းခွဲပြီးမှ နောက်အိမ်အသင်းတော်တစ်ပါး တည်ထောင်ဖို့ရန်ဖြစ်သည်။ အဲဒါဟာ ဓမ္မသစ်ရဲ့သွန်သင်သည့် အရာဖြစ်သည်။

အချို့သောသူများကပြောတတ်ပါတယ်။ အိမ်မှာဝတ်ပြုတာ ပျော်စရာမကောင်းဘူး၊ အဆင်မပြေဘူးတို့ထင်တတ်ကြပါတယ်။ ဒါပေမဲ့ ခရစ်တော်၏ တမန်တော်များကက ယုံကြည်သူများကိုမိမိအိမ်များအချင်းချင်းအတွက် တံခါးမဖွင့် အတူတူပွဲတော်မစား နှုတ်ကပတ်တော်ဆွေးနွေးခြင်းမရှိဘူးဆိုရင် မိမိ၏အသက်တာကို လူတွေကဘယ်လိုအားကိုးယုံကြည်နိုင်မှာလဲ။ တမန်တော်များနှင့် ကနဦးအသင်းတော်ခေါင်းဆောင်များသည် ယုံကြည်သောသူများက ကောင်းမွန်စွာသိခဲ့ရပါသည်။

## အပိုင်း (၃) Part Three

ဧည့်ခံသောအိမ်ရှင် မိသားစုကဆက်လက်ဘယ်လိုအသင်းသား/သူများကို အပတ်တိုင်းအပတ်ပိုင်း ဘယ်လိုဧည့်ခံနိုင်မှာလဲ။ အချို့သောသူသည် အလွန်ဧည့်ဝတ်ကျေသောသူရှိသည်။ ဒါပေမဲ့ တာဝန်ကြီးတာကတော့ အမှန်ပဲဖြေရှင်းခြင်းနည်းလမ်းကတော့များပါတယ်။ ဝတ်ပြုစည်းဝေးမတိုင်ခင်နဲ့ ပြီးမှအိမ်ရှင်မိသားစုတို့ကို သန့်ရှင်းရေးကူညီပေးရမည်။ သို့မဟုတ် အသင်းတော်ထဲ၌ ဧည့်ခံနိုင်သော မိသားစုများအိမ်မှာ အလှည့်ကျဝတ်ပြုစည်းဝေးခြင်း တစ်အိမ်ပြီးတစ်အိမ်သို့ ဝတ်ပြုစည်းဝေးပြုလုပ်ရမည်။ အိမ်ထောင်မိသားစုတိုင်းမှာ မိမိစည်းမျဉ်းစည်းကမ်းရှိကြသောကြောင့် ခေါင်းဆောင်များက အသင်းသူ/သားများကို ဧည့်ခံသောအိမ်ရှင်၏ စည်းကမ်းများပြောပြရမည်။

ဝတ်ပြုစည်းဝေးသည့်အိမ်ဟာ အင်မတန်သေးငယ်သည့်အိမ်ဆိုရင် ဘယ်လိုလုပ်ရမလဲ။ အဲဒီအရာဟာ ပြဿနာဖြစ်နိုင်ပါသည်။ တရုတ်နိုင်ငံ၌ အိမ်များသည် သေးငယ်ကြပါတယ်။ ဒါပေမဲ့ အိမ်မှာပဲဝတ်ပြုစည်းဝေးကြသည်။ တစ်အိမ်မှာ အဆင်မပြေဘူးဆိုရင် ဝတ်ပြုစည်းဝေးလို့ရသော အခန်းငယ်လေးကို ငှါးခြင်း၊ ထိုနည်းလမ်းအားဖြင့် ကောင်းမွန်စွာလုပ်ရှာနိုင်ပါသည်။

ကလေးသူငယ်များကို ဝတ်ပြုကိုးကွယ်သည့်အချိန်၌ ကောင်းမွန်စွာမနေလျှင် ဘယ်လိုလုပ်မှာလဲ။ ခေါင်းဆောင်တစ်ယောက်က သူငယ်၏မိဘကိုကလေးကောင်းမွန်စွာ ထိန်းသိမ်းရမည်။ ဖြူစင်ယဉ်ကျေးစွာပြောပြရမည်။ ကလေးသူငယ်များကို သွန်သင်သည့်စာအုပ်များကိုလည်း ပေးဖတ်စေရမည်။ အိမ်၌ဝတ်ပြုစည်းဝေးခြင်းသည် လွယ်ကူသည့်အလုပ်မဟုတ်ပါ။ ဒါပေမဲ့ ဓမ္မသစ်အသင်းတော်၏ ပုံစံဖြစ်သည်။